# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၈/၂၀၁၆)

Mr.Zhang Yupeng (MD) (ပိုင်ရှင်၏ကိုယ်စား)၊
မြန်မာယန်စိကော့ပါးလီမိတက် ၊ စံပါယ်တောင်၊
ကြေးစင်တောင်၊ ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်း၊
ဆာလင်းကြီးမြို့နယ်။ } လျှောက်ထားသူ

နှင့်

ဦးထွန်းဝေ(ပါ )အလုပ်သမား(၃)ဦး ကိုယ်စား
ဦးသောင်းညွန့်(ဥက္ကဋ္ဌ)
ကြေးနီသတ္တုတွင်းအခြေခံအလုပ်သမားအဖွဲ့အစည်း
ဆားလင်းကြီးမြို့နယ်။ } လျှောက်ထားခြင်းခံရသူများ

ဦးထွန်းဝေ(ပါ )အလုပ်သမား(၃)ဦး ကိုယ်စား
ဦးသောင်းညွန့်(ဥက္ကဋ္ဌ)
ကြေးနီသတ္တုတွင်းအခြေခံအလုပ်သမားအဖွဲ့အစည်း
ဆားလင်းကြီးမြို့နယ်။ } လျှောက်ထားသူ

နှင့်

Mr.Zhang Yupeng (MD) (ပိုင်ရှင်၏ကိုယ်စား)၊
မြန်မာယန်စိကော့ပါးလီမိတက် ၊ စံပါယ်တောင်၊
ကြေးစင်တောင်၊ ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်း၊
ဆာလင်းကြီးမြို့နယ်။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၂၃ ရက်

## ဆုံးဖြတ်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ Mr.Zhang Yupeng (MD) (ပိုင်ရှင်၏ကိုယ်စား)ပိုင်ဆိုင်သော ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်း၊ မြန်မာယန်စိကော့ပါးလီမိတက်နှင့် ဦးထွန်းဝေ(ပါ ) အလုပ်သမား(၃)ဦးတို့အကြား ဖြစ်ပွားကြသော အငြင်းပွားမှုကို

အားလင်းကြီးမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၅/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဦးထွန်းဝေ(နေ့စားလုံခြုံရေးဝန်ထမ်း)၊ ဦးဇင်မင်းထက် (Operator)နှင့် ဦးသော်တာထွန်း (Operator)တို့မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရခြင်းအပေါ် အလုပ်ပြန်လည်ခန့်ထားပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးထွန်းဝေ(နေ့စားလုံခြုံရေးဝန်ထမ်း)၊ ဦးဇင်မင်းထက် (အော်ပရေတာ) နှင့် ဦးသော်တာထွန်း(အော်ပရေတာ)တို့မှ အလုပ်ပြန်လည်ခန့်ထားပေးရန်တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ဦးထွန်းဝေ(နေ့စားလုံခြုံရေးဝန်ထမ်း)အား သတိပေးစာထုတ်ပြန်၍ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မူလအတိုင်း အလုပ်ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်လိုက်သည်။

(ခ) ဦးဇင်မင်းထက်(အော်ပရေတာ)အား အလုပ်ရှင်နှင့် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ ကြီးလေးသည့်ပြစ်မှုဖြစ်သည့် အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(ဃ)(၁၂)ကို ကျူးလွန်ဖောက်ဖျက်သည့်အတွက် အလုပ်မှရပ်စဲရန် ဆုံးဖြတ်သည်။

(ဂ) ဦးသော်တာထွန်း(အော်ပရေတာ)အား လုပ်ငန်းခွင်ဆိုင်ရာ လိုက်နာရမည့်စည်းကမ်းများအား အကြိမ်ကြိမ်ဖောက်ဖျက်ခြင်း အပြင်သက်ဆိုင်ရာ မြို့နယ်တရားရုံးမှလည်း ပြစ်မှုမြောက်ကြောင်း၊ အပြစ်ရှိကြောင်း ပြစ်ဒဏ်စီရင်ခံရခြင်းတို့ကြောင့် အလုပ်မှရပ်စဲရန် ဆုံးဖြတ်သည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၅/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Mr.Zhang Yupeng (MD) (ပိုင်ရှင်၏ကိုယ်စား) ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်း၊ မြန်မာယန်စီကော့ပါးလီမိတက်နှင့် ဦးထွန်းဝေ(ပါ )အလုပ်သမား(၃)ဦး၏ကိုယ်စား

ဦးသောင်းညွှန့်တို့မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၆၈/၂၀၁၆)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင် ကိုယ်စားလှယ် ဦးထွန်းအေး၊ အလုပ်သမားကိုယ်စားလှယ် ဦးဖော်ညွှန့်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့ ထွက်ဆိုချက်များနှင့် ခုံသမာဓိကောင်စီမှ နှစ်ဖက်အယူခံလွှာများကို အပြန်အလှန်ပေးစေပြီး၊ ထိုအယူခံလွှာများပေါ်မှ တင်ပြလိုသည့်အချက်များကို ခုံသမာဓိကောင်စီသို့ ၂၂-၉-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ တင်ပြရန် တောင်းခံခဲ့ခြင်းအပေါ် နှစ်ဖက်စလုံးမှပေးပို့လာသည့် ချေပလွှာများအရလည်းကောင်း၊ အဆိုပါ အထောက်အထားများအပေါ် စဉ်းစားသုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ဤခုံအဖွဲ့၏ရှေ့မှောက်တွင် လိုအပ်သည့် အချက်အလက် အထောက်အထားပြည့်စုံစွာရရှိထားပြီးဖြစ်သည့်အတွက် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ၊ အပိုဒ် ၂၃ (က)ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအငြင်းပွားသူများကို ခုံအဖွဲ့ရှေ့မှောက်သို့ ထပ်မံခေါ်ယူစစ်ဆေးကြားနာခြင်း မပြုတော့ဘဲ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

**ကောက်ချက်အမှတ်(၁)။** ဦးထွန်းဝေ(နေ့စားလုံခြုံရေးဝန်ထမ်း)၊ ဦးဇင်မင်းထက် (အော်ပရေတာ) နှင့် ဦးသော်တာထွန်း(အော်ပရေတာ)တို့မှ အလုပ်ပြန်လည်ခန့်ထားပေးရန်တောင်းဆိုခြင်းအပေါ် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**လေ့လာတွေ့ရှိချက်**

၇။ အလုပ်သမား ဦးထွန်းဝေနှင့် ဦးသော်တာထွန်းတို့က အလုပ်ထုတ်ခံရသည့်အတွက် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပေးရန် ကြေးနီသတ္တုတွင်းအခြေခံအလုပ်သမားအဖွဲ့အစည်းသို့တိုင်ကြားခဲ့ပြီး၊အလုပ်သမား ဦးဇင်မင်းထက်ကအလားတူတိုင်ကြားမှုမရှိသော်လည်း အခြေခံအလုပ်သမားအဖွဲ့အစည်းမှ ကုမ္ပဏီညှိနှိုင်းရေးကော်မတီသို့ (၃)ဦးစလုံးအတွက် တင်ပြဆွေးနွေးရာမှ ဤအမှုစတင်ပေါ်ပေါက်လာသည်။ ညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းရာပြေလည်မှုမရသဖြင့် ကုမ္ပဏီလီမိတက်မှ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အကြောင်းကြားမှုကိုအခြေခံ၍ သက်ဆိုင်ရာအလုပ်သမားများ၏ တိုင်ကြားစာမရှိဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ညှိနှိုင်းဖျန်ဖြေသော်လည်း ပြေလည်မှုမရရှိ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ တင်ပြမှုအရ ခုံသမာဓိအဖွဲ့က စစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

16 13:46 #1045 P.001



၈။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၃)ချက်အနက် ဆုံးဖြတ်ချက်(က)ကို အလုပ်ရှင်က မကျေနပ်၍လည်းကောင်း၊ ဆုံးဖြတ်ချက်(၃)ချက်စလုံးကို အလုပ်သမားများ ကိုယ်စားလှယ်က မကျေနပ်၍လည်းကောင်း ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သို့ လျှောက်ထားသော အမှုဖြစ်ပါသည်။

**သုံးသပ်ချက်**

၉။ ၂၂-၃-၂၀၁၆ ရက်နေ့တွင် ဦးထွန်းဝေခေါင်းဆောင်၍ နေ့စားအလုပ်သမားများအား လစာကန်ထရိုက်ဝန်ထမ်းအဖြစ် ပြောင်းလဲခန့်ထားပေးရန် စုပေါင်းလက်မှတ်ရေးထိုးတောင်းဆိုခဲ့ပါသည်။ ၂၈-၆-၂၀၁၆ ရက်နေ့တွင် အလားတူထပ်မံ၍ စာဖြင့်တောင်းဆိုခဲ့ကြောင်း၊ ထိုတောင်းဆိုစာတွင် ခန့်ထားခြင်းမပြုပါက ဇူလိုင်လဆန်းသည်နှင့် ဆန္ဒပြဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ချက်ချင်းပြန်ကြားရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုသို့တောင်းဆိုမှုအတွက် ဦးထွန်းဝေအား သတိပေးမှုမရှိခဲ့ပါ။ တောင်းဆိုမှုကို အကြောင်းပြု၍ ၁-၇-၂၀၁၆ ရက်နေ့မှစ၍ အလုပ်ထုတ်ခံရပါသည်။ ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ဆန္ဒပြတောင်းဆိုမှုမရှိခဲ့ပါ။ ဦးထွန်းဝေသည် လုပ်သက် (၂)နှစ်ကျော် လုပ်ကိုင်ခဲ့ရာတွင် ကုမ္ပဏီနှင့်တစ်စုံတစ်ရာ အငြင်းပွားမှု၊ အရေးယူခံရမှုမရှိခဲ့ပါ။ ဦးထွန်းဝေသည် မလိုလားအပ်သည့် အသုံးအနှုန်းများကိုသုံး၍ တောင်းဆိုခဲ့ကြပေသည်။၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့ချုပ်ဆိုသော ညှိနှိုင်းဖျန်ဖြေရေးစာချုပ်အရ နေ့စားအလုပ်သမားများအား လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အပေါ်မူတည်၍ ခန့်ထားနိုင်သည့်အင်အားအတိုင်း ကန်ထရိုက်အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်ရှိပါသည်။ အလုပ်သမားတစ်ဦးအား နေ့စားအဖြစ်မှ လစာအဖြစ်တိုးမြှင့်ခန့်ထားရန် လုပ်သက်သတ်မှတ်ထားသည့်ဥပဒေ မြန်မာပြည်၌ မရှိပါ။ ဦးထွန်းဝေ တောင်းသည့်ကိစ္စမှာ ယင်း၏လုပ်ပိုင်ခွင့်ဖြစ်ပါသည်။ သို့သော် အသုံးအနှုန်းကြမ်းတမ်းသည်မှာ မဖြစ်သင့်ပါ။ ကုမ္ပဏီအနေဖြင့် ထိုဖြစ်ရပ်ကို သတိပေးစာ မထုတ်ခဲ့သည်မှာလည်း မဖြစ်သင့်သောကိစ္စဖြစ်ပါသည်။

၁၀။ ဦးသော်တာထွန်းသည် ၂၅-၅-၂၀၁၅ ရက်နေ့မှ ၂၇-၅-၂၀၁၅ ရက်နေ့အထိ ဖြစ်ပွားခဲ့သော ကုမ္ပဏီလီမိတက် စီမံကိန်းဂိတ်ပေါက်ကျူးကျော်တားဆီးပိတ်ဆို့မှုပြုရာတွင် ပါဝင်ခဲ့မှုအတွက် တရားစွဲဆိုခံရသူဖြစ်ပြီး၊ သက်ဆိုင်ရာတရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရသူဖြစ်ပါသည်။ ထိုပြစ်ဒဏ်ကို အခြေခံ၍ ၂၉-၆-၂၀၁၆ ရက်နေ့မှ အစပြုကာ အလုပ်ထုတ်ခံရပါသည်။ ကုမ္ပဏီမှပြုလုပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အစစ်ခံရာ၌ ဦးသော်တာထွန်းက ကျူးကျော်တားဆီးပိတ်ဆို့မှုပြုရာတွင် မပါဝင်ခဲ့ဟု ထွက်ဆိုထားပြီး ၊ ထိုဖြစ်ရပ်ဖြစ်ပွားသည့်နေ့တွင် ပင်မဂိတ်၌ တာဝန်ကျသည့် လုံခြုံရေးအရာရှိနှင့် လုံခြုံရေးကြီးကြပ်ရေးမှူးတို့က ယင်းတို့အနေဖြင့် ဦးသော်တာထွန်းကို မမြင်မိကြောင်းထွက်ဆိုခဲ့ကြပါသည်။ ဆားလင်းကြီးမြို့နယ်တရားရုံးက မြန်မာယန်စီကော့ပါးကုမ္ပဏီ၊ လက်ရှိထားအသုံးပြုသည့် ဧရိယာအတွင်းဝင်ရောက်ကာ ကုမ္ပဏီမှ

တာဝန်ရှိပုဂ္ဂိုလ်များအား စိတ်ငြိုငြင်စေရန်ပြုမူခဲ့ကြောင်း ၊ ထိုပြင် ထိုဖြစ်ရပ်တွင်မပါဝင်ခဲ့ဟု တရားခံများမှ ငြင်းဆိုခဲ့ခြင်းမရှိကြောင်း သုံးသပ်၍ အရေးယူအပြစ်ပေးကြောင်း သုံးသပ်ထားပါသည်။ ထိုဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ဦးသော်တာထွန်းနှင့်အမှုပါ အခြား(၂)ဦးတို့က ယင်းမာပင်ခရိုင်တရားရုံးသို့ အယူခံဝင်ရောက်ခဲ့ပါသည်။ ခရိုင်တရားရုံးက မူလမြို့နယ်တရားရုံးကချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြု၍ အယူခံမှုအား ပလပ်ခဲ့ပါသည်။ အလုပ်သမားကျူးလွန်သောဖြစ်ရပ်သည် ကုမ္ပဏီလီမိတက်နှင့် အလုပ်သမားတို့ချုပ်ဆိုခဲ့သည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ကို ချိုးဖောက်သည်ဟု ကုမ္ပဏီက သုံးသပ်ထားပါသည်။ ကျူးလွန်သည့်ဖြစ်ရပ်မှာ လုပ်ငန်းခွင်အတွင်းဖြစ်ပွားခြင်းမဟုတ်ဘဲ ကုမ္ပဏီလီမိတက်က လက်ရှိထားအသုံးပြုသည့်ဧရိယာအတွင်း ဖြစ်ပွားခြင်းသာဖြစ်ပါသည်။ အလုပ်သမားအနေဖြင့် လုပ်ငန်းခွင်တွင် မဟုတ်သော်လည်း ကုမ္ပဏီလီမိတက်က လက်ရှိအသုံးပြုသည့်ဧရိယာ၌ ကျူးကျော်တားဆီးပိတ်ဆို့မှုပြုလုပ်ခြင်းမှာ မလုပ်သင့်သောကိစ္စဖြစ်ပါသည်။ ဦးသော်တာထွန်းအား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ခွင့်မဲ့ (၅)ရက်ပျက်ကွက်မှုကို ၁၂-၁၂-၂၀၁၅ ရက်စွဲပါ စာဖြင့် သတိပေးရာ၌ ကုမ္ပဏီ၏ မူဝါဒများကို ဆက်လက်ကျူးလွန်ဖောက်ဖျက်ပါက အလုပ်မှထုတ်ပယ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုစာပါ အချက်ကို သိရှိကြောင်း ဦးသော်တာထွန်းက လက်မှတ်ရေးထိုးထားပါသည်။

၁၁။ ဦးဖင်မင်းထက်သည် ၂၉-၇-၂၀၁၅ ရက်နေ့တွင် ယာဉ်မတော်တဆဖြစ်မှုကို အကြောင်းပြု၍အလုပ်ထုတ်ခံရသူဖြစ်ပါသည်။ ယာဉ်မတော်တဆဖြစ်မှုနှင့် ပတ်သက်၍ ယင်း၏အမှားဟု ဦးဖင် မင်းထက်က စုံစမ်းစစ်ဆေးရေးအဖွဲ့ရှေ့မှောက်တွင် လက်မှတ်ရေးထိုးအသိအမှတ်ပြုထားပါသည်။ ၈-၈-၂၀၁၅ ရက်နေ့မှစ၍အလုပ်ထုတ်ခံထားရပြီး၊ ၂၅-၁၁-၂၀၁၅ ရက်စွဲဖြင့် ဖခင်ပင်စင်အနားယူရန် နှစ်အနည်းငယ်သာလိုပါတော့၍ ချမှတ်ထားသောအပြစ်ဒဏ်အား ပြန်လည်စဉ်းစားပြီး အလုပ်ပြန်ခန့်ထားရန် ကုမ္ပဏီလီမိတက်သို့ စာတင်ခဲ့ပါသည်။ ကုမ္ပဏီလီမိတက်မှ တစ်စုံတစ်ရာပြန်ကြားခဲ့ခြင်းမရှိပါ ။ အလုပ်ထုတ်ခံရသည်မှာ (၁)နှစ်နီးပါးရှိပြီး အလုပ်ထုတ်ခံရမှုအတွက် သက်ဆိုင်ရာသို့ တစ်စုံတစ်ရာအရေးယူပေးရန် မတိုင်ကြားခဲ့ပါ။ အလုပ်များနေ၍ မတိုင်ကြားခဲ့ပါဟု ထွက်ဆိုထားမှုရှိပါသည်။ အလုပ်သမား၏ တိုင်ကြားချက်မရှိဘဲ အခြေခံအလုပ်သမားအစည်းအရုံးက ညှိနှိုင်းရေးကော်မတီတွင် တင်ပြဆွေးနွေးရာမှ အလုပ်ထုတ်မှုအတွက် ထည့်သွင်းဆောင်ရွက်ပေးသည့်အနေအထားဖြစ်ပေါ်နေပါသည်။

၁၂။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က နှစ်ဖက်အမှုသည်များအား ခေါ်ယူစစ်ဆေးမှုမပြုဘဲ ဆုံးဖြတ်ရန် သဘောတူခဲ့ကြပါသည်။ နှစ်ဖက်အမှုသည်များအား မိမိတို့နောက်ဆုံးတင်ပြလိုသည်များကို တင်ပြကြရန်အကြောင်းကြားခဲ့ရာ ဦးသော်တာထွန်းမှ တစ်စုံတစ်ရာတင်ပြမှုမပြုခဲ့ပါ။

**ဆုံးဖြတ်ချက်အမှတ်(၁)(က)။**

ဦးထွန်းဝေ(နေ့စားလုံခြုံရေး)အား သတိပေးစာ ထုတ်ပြန် ၍ ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး၊ မူလအတိုင်းအလုပ်ပြန်လည်ခန့်ထားရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်(က)ကို ပယ်ဖျက်လိုက်ပြီး၊ ဦးထွန်းဝေ(နေ့စားလုံခြုံရေး)အား ကုမ္ပဏီလီမိတက်မှ ကျင့်သုံးသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ပါ သာမန်ပြစ်မှုအဖြစ် သတ်မှတ်ပြီး၊ သတိပေးစာထုတ်ပြန်၍ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး၊ မူလအတိုင်း အလုပ်ပြန်လည်ခန့်ထားရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)(ခ)။**

ဦးဖင်မင်းထက်(အော်ပရေတာ)အား အလုပ်ရှင်နှင့် အလုပ်သမားအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါကြီးလေးသည့်ပြစ်မှုဖြစ်သည့်အပိုဒ်၁၄၊အပိုဒ်ခွဲ(ဃ)(၁၂)ကို ကျူးလွန်ဖောက်ဖျက်သည့်အတွက် အလုပ်မှရပ်စဲရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(ခ)ကို အတည်ပြုလိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)(ဂ)။**

ဦးသော်တာထွန်း(အော်ပရေတာ)အားလုပ်ငန်းခွင်ဆိုင်ရာလိုက်နာရမည့်စည်းကမ်းများအား အကြိမ်ကြိမ်ဖောက်ဖျက်ခြင်းအပြစ်ဆိုင်ရာ မြို့နယ်တရားရုံးမှလည်း ပြစ်မှုမြောက်ကြောင်း အပြစ်ရှိကြောင်း ပြစ်ဒဏ်စီရင်ခံရခြင်းတို့ကြောင့် အလုပ်မှရပ်စဲရန်ဆုံးဖြတ်ချက်(ဂ)ကိုအတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးအောင်သန်း | ဦးဇော်ညွန့် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |